# ပုဂ္ဂလပညတ်ဆေးပညာစာတမ်း

ဦးဝေဝင်း (လက်ထောက်ညွှန်ကြားရေးမှူး)
တိုင်းရင်းဆေးပညာဦးစီးဌာန၊ နေပြည်တော်

# နိဒါန်း (Introduction)

- ပုဂ္ဂလပညတ်ဆေးပညာသည် ဗုဒ္ဓ အဘိဓမ္မာကျမ်း (၇)ကျမ်း အနက်မှ ၄င်းပုဂ္ဂလပညတ်ကျမ်းကိုမူတည်၍ ရှေးပညာရှင် တို့ တွေးခေါ်မြော်မြင် ရေးအသိပညာမှ အတတ်ပညာသို့ ပြောင်းလဲကာ ဓါတ်ကို နိုင်နိုင်နင်းနင်း အမြင်ရှင်း၍ ထိုးထွင်း သိမြင်ခေါ်ဆောင်လာသော ဆေးပညာ ဖြစ်သည်။

- တစ်နည်းအားဖြင့်သင်္ခါရလောကဟုဆိုအပ်သောဖြစ်ပျက်ပြုပြင်ပြောင်းလဲနေသော ရုပ်သဘာဝ၊နာမ်သဘာဝတို့အတွက် ပညတ်သွားရာ ဓါတ်သက်ပါနေသည့်ခန္ဓာအစဉ်အဖွဲ့တွင်တွဲတည် အတွင်းကိန်းအောင်း နေသော (ပထဝီဓါတ်၊ အာပေါဓါတ်၊ တေဇောဓါတ်၊ ဝါယောဓါတ်) တို့၏ လက္ခဏာကို စစ်ဆေးကြည့် သဘောမျှအောင် တွက်ချက်ယူ၍ ကျရောက်သောရောဂါ ဝေဒနာကို ကုသရသော အတတ်ပညာ ဖြစ်သည်။
-

- ပုဂ္ဂလပညတ်ဆေးပညာသည် မြန်မာ့တိုင်းရင်းဆေးပညာ၏ အခြေခံ ဖြစ်သောနယကြီး (၄)ပါးတို့တွင်အကျုံးဝင်သောဆေးပညာဖြစ်ပြီး ဓါတ်ကြီး(၄)ပါး၏ သဘာဝလက္ခဏာ ကိုအခြေခံထား၍ ပိဋကတ် ဗေဒင်နည်းစုံလင်အောင် ထိုးထွင်းကြံစည် ပေါင်းစပ်ပြီး အတိုင်းမသိ သိမ်မွေ့ နက်နဲကျယ်ပြန့်လှသော ဆေးပညာရပ်လည်း ဖြစ်ကာ ရှေးဘုန်းကံပါရမီ ကြီးမားရင့်သန်ကြသော ပညာရှင်များက ကြံစည်ဖော်ထုတ်ခဲ့သော ဆေးပညာရပ်လည်းဖြစ်ပေသည်။

# ရည်ရွယ်ချက် (Objective)

- တိမ်မြုပ်ပျောက်ကွယ်လုနီးပါးဖြစ်နေသော မြန်မာ့တိုင်းရင်းဆေး ပညာတစ်ရပ်ကို ပြန်လည်ဖော်ထုတ်တင်ပြရန်
- ပြည်သူလူထုအား ကျန်းမာရေးစောင့်ရှောက်မှုပေးနေသော ဆရာများအတွက်ကုသမှု အထောက်အကူပြုရန်၊
- အစာလည်းဆေး ဆေးလည်းအစာကဏ္ဍတွင် အကျိုးသက်ရောက်မှုရှိပြီး အများပြည်သူ၏ ကျန်းမာရေးကို အထောက်အကူပြုရန်၊

## ပုဂ္ဂလပညတ်ဆေးပညာ၏ ဥပဒေသများ

ပုဂ္ဂလပညတ်အရ ခန္ဓာငါးပါးတို့ ၏အစုအဝေးဖြစ်သော သတ္တဝါပညတ် ကို ယူရမည်။ ပညတ် (၄)မျိုး

(၁) အက္ခရာပညတ်

(၂) နေ့ပညတ်

(၃) သင်္ချာပညတ်

(၄) ဒိသာပညတ်

အက္ခရာပညတ် = က အစ အ အဆုံးရှိသော ၃၃လုံးသော

ဗျည်းအက္ခရာ = အ အစ ဩ အဆုံးရှိသော ၈ လုံးသော

သရလက္ခဏာ

၍ (၄၁) လုံးတို့ကို အက္ခရာပညတ် ဟုမှတ်ရမည်။

- နေ့ပညတ် = တနင်္ဂနွေ၊ တနင်္လာ၊ အင်္ဂါ၊ ဗုဒ္ဓဟူး၊
ကြာသပတေး၊ သောကြာ၊ စနေ
- ဒိသာပညတ် = အရှေ့မြောက်၊ အရှေ့၊ အရှေ့တောင်၊ တောင်၊
အနောက်တောင်၊ အနောက်၊ အနောက်မြောက်၊
မြောက်အရပ်အားဖြင့် အရပ်ရှစ်မျက်နှာတို့ကို
ဒိသာပညတ် ဟုမှတ်ရမည်။
- ဓာတ်အရ = ပထဝီဓာတ်၊ အာပေါဓာတ်၊ တေဇောဓာတ်၊ ဝါယောဓာတ်
ဓာတ်(၄)ပါးတို့မှတ်ရမည်၊

# အက္ခရာနှင့် နံသင့်ဂဏန်းဒိသာပညတ်

| က၊ ခ၊ ဂ၊ ဃ၊ င | တနင်္လာနံ | ၂ - ဂဏန်း | အရှေ့ |
|---|---|---|---|
| စ၊ ဆ၊ ဇ၊ ဈ၊ ည | အင်္ဂါနံ | ၃ - ဂဏန်း | အရှေ့တောင် |
| ဋ၊ ဌ၊ ဍ၊ ဎ၊ ဏ<br>တ၊ ထ၊ ဒ၊ ဓ၊ န | စနေနံ | ၇ - ဂဏန်း | အနောက်တောင် |
| ပ၊ ဖ၊ ဗ၊ ဘ၊ မ | ကြာသပတေးနံ | ၅ - ဂဏန်း | အနောက် |
| လ၊ ဝ၊ ဠ | ဗုဒ္ဓဟူးနံ | ၄ - ဂဏန်း | တောင် |
| သ၊ ဟ | သောကြာနံ | ၆ - ဂဏန်း | မြောက် |
| အ၊ အာ၊ ဣ၊ ဤ<br>ဥ၊ ဦ၊ ဧ၊ ဩ | တနင်္ဂနွေနံ | ၁ - ဂဏန်း | အရှေ့မြောက် |
| ယ၊ ရ | ရာဟုနံ | ၈ - ဂဏန်း | အနောက်မြောက် |

# နေ့ပညတ်ဓါတ်မြင်အောင်မှတ်

| နေ့ | ဓါတ် | ပညတ် | အရသာ | အင်္ဂဝိဇ္ဇာ | ဓါတ်(နု ၊ရင့်) | ဂြိုလ်သက် |
|---|---|---|---|---|---|---|
| တနင်္ဂနွေ | တေဇောဓါတ် | မီးခဲ | အစပ် | သူရဇ္ဇ | ဓါတ်ရင့် | ၆ နှစ် |
| တနင်္လာ | ပထဝီဓါတ် | သေလာ ကျောက်မြေ | အငန် | စန္ဒရ | ဓါတ်ရင့် | ၁၅ နှစ် |
| အင်္ဂါ | ဝါယောဓါတ် | လေပြေ လေညှင်း | အခါး | ဘောမ | ဓါတ်နု | ၈ နှစ် |
| ဗုဒ္ဓဟူး | အာပေါဓါတ် | ရေကြည် ရေအေး | ခါး ချဉ် | ဗုဒ္ဓ | ဓါတ်နု | ၁၇ နှစ် |
| စနေ | တေဇောဓါတ် | မီးတောက် | အချဉ် | သောရီ | ဓါတ်နု | ၁၀ နှစ် |
| ကြာသပတေး | ပထဝီဓါတ် | ပံသု၊ ရွံ့မြေ | အဆိမ့် | ဂုရု | ဓါတ်နု | ၁၉ နှစ် |
| ရာဟု | ဝါယောဓါတ် | လေမုန်တိုင်း | အဖန် | ဗုဒ္ဓ | ဓါတ်ရင့် | ၁၂ နှစ် |
| သောကြာ | အာပေါဓါတ် | ရေနှောက် | အချို | သောကြ | ဓါတ်ရင့် | ၂၁ နှစ် |

- အက္ခရာပညတ် ကို တွေ့လျှင် နေ့ပညတ် ကို သိရမည်။
- နေ့ပညတ် ကို သိလျှင် သင်္ချာပညတ် ကို သိရမည်။
- သင်္ချာပညတ် ကို သိလျှင် ဓါတ် ကို ဖော်တတ်ရမည်။
- ဓါတ် မသိတော့ ခရီးဝေး ဓါတ် သိတော့ အနီးလေး
- ဥပမာ- အုန်း-တနင်္ဂနွေနံ ။ (၁) ဂဏန်း

  ပညတ် မီးခဲ ၊ ဓာတ်ရင့် ၊ ဓာတ်ဖို

  ဓာတ်အားဖြင့် တေဇောဓာတ်

  ဂြိုလ်သက် (၆) နှစ်

# ဓါတ်ဖို၊ ဓါတ်မ

အ ဂ္ဂေါ စေ

| ၆နှစ် | | ၁၅ နှစ် | | ၈ နှစ် |
|---|---|---|---|---|
| | ၁ | ၂ | ၃ | |
| ၂၁ နှစ် | ၆ | | ၄ | ၁၇ နှစ် |
| | ၈ | ၅ | ၇ | |
| ၁၂ နှစ် | | ၁၉ နှစ် | | ၁၀ နှစ် |

သီ ဝ

ရာ မွ ခ

အ ဂ္ဂေါ စေ ဝ ဓါတ်ဖိုပြုလျှက် ခ မွ ရာ သီ ဓါတ်မမည်၏

| ပါပလေးချက် နေကထွက် | သောမလေးချက် လကထွက် |
| --- | --- |
| တနင်္ဂနွေ | တနင်္လာ |
| စနေ | ဗုဒ္ဓဟူး |
| အင်္ဂါ | ကြာသပတေး |
| ရာဟု | သောကြာ |

ပါပလေးချက်  နေကထွက်၍  ရှိန်စက်ပူပြင်း  အခိုးပြင်း၏။

သောမလေးချက်  လကထွက်၍  ရှိန်စက်အေးမြ  ငြိမ်းအေးလှ၏။

# ပညတ်အသံဓါတ်အမှန်

ပရမတ်နာမ်ကို ပညတ်ရုပ်တင်သော အတွင်းအပြင်ဓါတ်လေးပါး၏
သဘာဝ လက္ခဏာကို သိစေရန် လူနာအမည်၏ ဓါတ်ကောက်ယူပုံ

- လူတို့ ရှေ့ဆုံးပညတ်စကားလုံးကို ကောက်ယူပုံ
  ယောကျ်ားတွင် မောင်၊ ကို၊ ဦး၊ ကို ပယ်ရမည်။
  မိန်းမတွင် မ၊ မိ၊ ဒေါ် ကိုပယ်ရမည်။

- ကုန်းသတ္တဝါတွင် ဓါတ်ကောက်ယူပုံ
  ကုန်းသတ္တဝါများကို လူနာမည်ကဲ့သို့ ရှေ့အက္ခရာကို
  ကောက်ရမည်။
  ရေသတ္တဝါများကို နောက်ဆုံးအက္ခရာကို ကောက်ရမည်။

- သက်မဲ့ကို ခါတ်ကောက်ယူပုံ

  သက်မဲ့အမည်ပညတ်များကို နောက်ဆုံးအက္ခရာကို ကောက်ရမည်။

  သက်မဲ့တို့တွင် ပွင့်၊ သီး၊ ရွက် ကို ပယ်ရမည်။

  သက်ရှိရှေ့ဖက် သက်မဲ့အနောက် ခါတ်သက်ရောက်၏။

- စမ ဦးခေါင်းချရာ ခါတ်ကောက်ယူပုံ

  ဥပမာ-တောင်တန်ကြီး၊ မန်ကျည်း၊ ငါးကျည်း သက်မဲ့ပညတ်တို့တွင် စမ ဦးခေါင်းချရာ ဖြစ်သော နောက်ဆုံးအလုံး ညသတ်ကို ကောက်ယူရမည်။

  (ရှောက်သီးတွင် သဝေထိုးရကောက်ရေးချ ကသတ် (ရှောက်) စမ ဦးခေါင်းချရာ ဖြစ်သော နောက်ဆုံးအလုံး ကကြီးကို ကောက်ယူရမည်။

- ယပင်း ယရစ်ကို အပူ အအေးဓါတ်ခွဲခြားပုံ ဗျည်း(၃၃)လုံးသော အက္ခရာများတွင် ယပင်းနှင့်ဖွဲ့စည်းထားလျှင် အပူဓါတ်၊ ယရစ်နှင့်ဖွဲ့စည်းထားလျှင် အအေးဓါတ်ကို ပြ၏။

ကုထုံးကျမ်း

## နာမ်ဓါတ်စာဇယား
## အတွင်းဆေးချက်(ရသာရှ်)


| နာမ်စဉ် | နာမ်တူ<br>လူနာမ် - ဓါတ်နာမ် | ဓါတ်တူ<br>လူနာမ် - ဓါတ်နာမ် | နာမ်နဝင်း<br>လူနာမ် - ဓါတ်နာမ် | ရှပ်နဝင်း |
|---|---|---|---|---|
| ၁-တနင်္ဂနွေ | ၁ - ၁ | ၁ - ၀ | ၁ - ၈ | ၁ - ၆ |
| ၂-တနင်္လာ | ၂ - ၂ | ၂ - ၅ | ၂ - ၆ | ၂ - ၈ |
| ၃-အင်္ဂါ | ၃ - ၃ | ၃ - ၈ | ၃ - ၀ | ၃ - ၅ |
| ၄-ဗုဒ္ဓဟူး | ၄ - ၄ | ၄ - ၆ | ၄ - ၅ | ၄ - ၀ |
| ၅-ကြာသပတေး | ၅ - ၅ | ၅ - ၂ | ၅ - ၂ | ၅ - ၃ |
| ၀-စနေ | ၇ - ၇<br>၀ - ၀ | ၀ - ၁ | ၀ - ၃ | ၀ - ၄ |
| ၈-ရာဟု | ၈ - ၈ | ၈ - ၃ | ၈ - ၁ | ၈ - ၂ |

လွန်လျှင် မိတ်ဖက် ပျက်လျှင် ရန်တွဲ ဆေးချက်မြဲလော့။

ဓါတ်လွန် လက္ခဏာကို တွေ့လျှင် နာမ်နဝင်း ဆေးချက်ကိုပေး။

ဓါတ်ပျက် လက္ခဏာကို တွေ့လျှင် ရုပ်နဝင်း ဆေးချက်ကိုပေး။

## အတွင်းဆေးချက် (ရသာရုံ) နာမ်ဆေး




အန္တော၊ ဂဗ္ဘော၊ စရေ၊ ဝံသော၊ ကမ္ဘာ့ဓါတ်ဖက်ပေ။

# အတွင်းဆေးချက်(ရသာရှုံ)နာမ်နဝင်း

| | | |
|---|---|---|
| ၁ | ၂ | ၃ |
| ၆ | | ၄ |
| ၈ | ၅ | ၀ |

အရှိုင်း ခေါင်သောက် လူမိုက် စိတ်တို နာမ်နဝင်းကို

## ရသာရှုံ (ရှုပ်နဝင်း)

| | | |
|---|---|---|
| ၁ | ၂ | ၃ |
| ၆ | | ၄ |
| ၈ | ၅ | ၀ |

ဥသာ၊ စိန်ပန်း၊ ဒန်းလှု၊ ကိုရှာ နဝင်းရှုပ်မဟာ
လွန်လျှင် မိတ်ဖက် ပျက်လျှင် ရန်တွဲ ဆေးချက်မြဲလော့

# ရုပ်ခါတ်(၄)ပါး ဓါတ်ဇယား
# အပြင်ဆေးချက်

| နာမ်စဉ် | ရူပါရုံ (အမြင်) | သဒ္ဒါရုံ (အကြား) | ဂန္ဓာရုံ (အနံ့) | ဖေါဋ္ဌဗ္ဗာရုံ (အတွေ့ အထိ) |
|---|---|---|---|---|
| ၁-တနင်္ဂနွေ | ၁ - ၂ | ၁ - ၂ | ၁ - ၄<br>ဦး ဝေ | ၁၂-၁၂-၁၄ |
| ၂-တနင်္လာ | ၂ - ၃ | ၂ - ဝ | ၂ - ၃<br>စံ ကူး | ၂၃-၂ဝ-၂၃ |
| ၃-အင်္ဂါ | ၃ - ၂ | ၃ - ၄ | ၃ - ၂ | ၃၂-၃၄-၃၂ |
| ၄-ဗုဒ္ဓဟူး | ၄ - ၈ | ၄ - ၃ | ၄ - ၁ | ၄၈-၄၃-၄၁ |
| ၅-ကြာသပတေး | ၅ - ၈ | ၅ - ဝ | ၅ - ၈ | ၅၈-၅ဝ-၅၈ |
| ၆-သောကြာ | ၆ - ၈ | ၆ - ဝ | ၆ - ဝ | ၆၈-၆ဝ-၆ဝ |
| ဝ-စနေ | ဝ - ၅ | ဝ - ၂ | ဝ - ၆<br>တော သူ | ဝ၅-ဝ၂-ဝ၆ |
| ၈-ရာဟု | ၈ - ၅ | ၈ - ၆ | ၈ - ၅<br>ရေ ဘူး | ၈၅-၈၆-၈၅ |

# အပြင်ဆေးချက်

## ဦးဝေ၊ စံကူး၊ ရေဘူး၊ တောသူ ပြင်ရန်သူ။

| | | |
|---|---|---|
| ၁ | ၂ | ၃ |
| ၆ | | ၄ |
| ၈ | ၅ | ၀ |

ဦးညို ခေမာ သုတ ဝေရီ ရန်စီစီ။
မီးနှင့်ရေရန် ပြန်အလှန် လေရန်မြေဓါတ် ပြန်လှန်သတ်။
မီးနှင့်ကားမြေ ရေနှင့်လေ မိတ်ဆွေမစပ် ပဋိဃတ်။
ဓမ္မာ သောက အင်းဝရာဇာ ရန်ဘယာ။
နေနှင့်လမူ ဂိုဏ်းမတူ ရန်သူဓါတ်ကျ ရုပ်ဆေးပြု။

# အပြင်ဆေးချက်

| အမြင်ဓါတ် | တီဗွီ၊ အငြိမ့်၊ ဇာတ်၊ ရုပ်ရှင်၊ ရုပ်သေး၊ ဘောလုံးပွဲ-- |
|---|---|
| မျက်စဉ်း | ကွမ်း၊ ဒန့်သလွန်၊ မန်ကျည်း၊ ကနစို၊ သံပရာ၊ ရှောက်၊ ငရုတ်သီး----စသည့် မျက်စဉ်း၊ |
| အကြားဓါတ် | ရေဒီယို၊ ဆိုင်းသံ၊ နတ်ဆိုင်းသံ၊ အိုးစည်၊ ဒိုးပတ်၊ သီချင်း၊ဒုံမင်း၊ နှဲ၊ ပလွေ၊ ပတ္တလား၊ တယော၊ ကြေးစည်၊ မယ်ဒလင်၊ ဘင်ဂျို၊ စောင်း၊ ဘာဂျာ၊---- စသည့်အသံများ- |
| အနံ့ဓါတ် | ခရေ၊ ဒေါန၊ စံပယ်၊ ငွေပန်း၊ ကြောင်ပန်း၊ မာလကာ၊ ကွမ်း၊ သံပရာ၊ ရှောက်သီး၊ ဒူးရင်းသီး၊ နံ့သာဖြူ ကရမက်၊ တောင်တန်ကတိုး၊ ကန့်ပလူ ၊လေးညှင်း ၊ဇာတိပ္ပိုလ်---စသည့်အနံ့များ |
| မှိုင်းဓါတ် | နနွင်း၊ နံ့သာဖြူ တောင်တံကတိုး၊ ရေနံဆီ၊ ဆီညော်၊ အရိုးညော်၊ ဦးချိုညော် ၊ ချေနှာ ၊ ရှောင်နာ ၊ မင်းလေးပါးနှာ---- |

<table>
<tr><td>သဘာဝတွေ့ထိဓါတ်</td><td>လေတိုက်ခံခြင်း၊ ရေအေးချိုးခြင်း ၊ရေနွေးချိုးခြင်း မီးလှုံခြင်း ၊လေစီးခြင်း ၊လှည်းစီးခြင်း ၊မီးရထား၊ ကား၊ သင်္ဘော၊ ဆင်၊ မြင်း၊ ပုခက်စီးခြင်း၊ လမ်းလျှောက် ခြင်း၊ နှင်းတောတိုးခြင်း၊ ကုန်းကမူများ လှန်စေ တက်စေခြင်း၊</td></tr>
<tr><td>အလိမ်းဓါတ်</td><td>နံ့သာငါးပါးလိမ်းခြင်း၊ နှမ်းဆီလိမ်းခြင်း၊ မုန်ညှင်းဆီ၊ အုန်းဆီ၊ ထောပတ်၊ ပဲဆီ၊ နေကြာဆီ၊ ကွမ်းရွက်ရေ၊ ကြက်ဟင်းခါး ရွက်ရေ၊ ကြောင်ပန်းရွက်၊ သံပရာရေ၊ ဆင်တုန်းမနွယ်၊ ကန့်ပလူ၊ တောင်မရိုး ---- စသည်များလိမ်းခြင်း</td></tr>
<tr><td colspan="2">နေဂိုဏ်း လဂိုဏ်းခွဲ၍- ပူအေးဓါတ် သက် ဖွင့်ပိတ်ကြည့်ပြီး ဓါတ်(၄)ပါး အလွန် အယုတ်ကို ကြည့်၍ လိမ်းကျံပြုပြင်ရသည်။</td></tr>
</table>

## ပုဂ္ဂလပညတ်ဆေးပညာ အချိန်သတ်မှတ်ချက်

- အန္တော၊ စရေ   နေ့လေးထွေ နှင့်   ဝံသော၊ ဂဗ္ဘာ   ညလေးခါကို
  ယထာသချ်   နည်းနှင့်ကြံမှ   အမှန်ရမည်။

## နေမင်း၏ အချိန်လေးပါး


၁- နေထွက် (၆) နာရီမှ နံနက် (၉) နာရီထိ အန် အချိန် (မီးခဲ)
၂- နံနက် (၉) နာရီမှ မွန်းလွဲ (၁၂) နာရီထိ တော အချိန် (မီးတောက်)
၃- မွန်းတည့် (၁၂) နာရီမှ မွန်းလွဲ(၃)နာရီထိ စ အချိန် (လေပြေလေညင်း)
၄- မွန်းလွဲ (၃) နာရီမှ ညနေ (၆) နာရီထိ ရေ အချိန် (လေမုန်တိုင်း)

## လမင်း၏ အချိန်လေးပါး

၁- ညနေ (၆) နာရီမှ ည (၉) နာရီထိ ဝံ အချိန် (ရေကြည်ရေအေး)
၂- ည (၉) နာရီမှ ညဉ့် (၁၂) နာရီထိ သေ အချိန် (ရေနှောက်)
၃- ညဉ့် (၁၂) နာရီမှ နံနက်(၃)နာရီထိ ဂပ် အချိန် (ကျောက်မြေ)
၄- နံနက်(၃)နာရီမှ မိုးလင်း(၆)နာရီထိ ဘေ အချိန် (ရွှံ့မြေ)

# တွေ့ရှိချက်နှင့် ဆွေးနွေးသုံးသပ်ချက်
# (Finding and Discussion)

- ဘုရားဟော ဒေသနာအမှန် ရုပ်နှင့်နာမ်။
- ပုဂ္ဂလပညတ်၏ ကုထုံးကုဟန် ရုပ်နှင့်နာမ်။
- ရုပ် နာမ် မှန်သမျှ ပြုပြင်မှုကို ခံကြရ။




(၁) ဓါတ်တူ နာမ်တူ ဆေးဖက်ယူ
(၂) အန္တော ဂဗ္ဘော စရေ ဝံသေ
(၃) အရိုင်း ခေါင်သောက် လူမိုက် စိတ်တို(နာမ်နဝင်း)
(၄) ဦးသာ စိန်ပန်း ဒန်းလှ ကိုရှာ(ရုပ်နဝင်း)

(၁) နေနှင့်လမူ ဂုဏ်းမတူ ရန်သူဓါတ်ကျရုပ်ဆေးပြ
(၂) ဦးဝေ စံတူး ရေဘူး တောသူ

# ကောက်ချက်ဆွဲခြင်း၊ အကြံပြုခြင်း
# (Conclusion, suggestion)

- တိမ်မြုပ်ပျောက်ကွယ်လုနီးပါးဖြစ်နေသော မြန်မာ့တိုင်းရင်းဆေးပညာကို ပြန်လည် ဖော်ထုတ်နိုင်ရန်လည်းကောင်း
- ပြည်သူလူထုအတွင်း ကျေးလက်ဒေသအောက်ခြေအထိ ပုဂ္ဂလပညတ် ဓါတ်စာကို အစာလည်း ဆေး၊ ဆေးလည်းအစာကဏ္ဍ ကျယ်ကျယ် ပြန့်ပြန့် ထိထိ ရောက်ရောက်အသိပညာပေးကာရောဂါဘယများကို ကာကွယ်တားဆီးနိုင်ရန် သက်ရှည်ကျန်းမာစွာဖြင့် ဘဝတာကို ဖြတ်ကျော်နိုင်ရန် ဆောင်ရွက်ပေးသင့်ပါသည်။

# ကျေးဇူးတင်လွှာ (Acknoledgement)

- ဤစာတမ်းကို ဖတ်ကြားတင်သွင်းခွင့်ပြုသော တိုင်းရင်းဆေးပညာ ဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိပုဂ္ဂိုလ်များကိုလည်းကောင်း၊ ကျမ်းကိုးအညွှန်းပါ ကျမ်းပြုပုဂ္ဂိုလ် ပညာရှင်များကိုလည်းကောင်း၊ သင်ဆရာ မြင်ဆရာ ကြားဆရာ အားလုံးကို ဂါရဝပြု ကျေးဇူးတင်ရှိပါကြောင်း တင်ပြရင်းနိဂုံးချုပ်အပ်ပါသည်။

# ကျမ်းကိုးအညွှန်းများ (References)

၁။ ပုဂ္ဂလပညတ် သုံးစောင်တွဲ
ဓါတ်ဆရာကြီးဆရာသန့် ရေးသားကာ အိုင်ကလောင်ဆရာကြီး
ဆရာလှိုင် ခွင့်ပြုချက်ဖြင့် ဂျာနယ်ကျော်မမလေး ထုတ်ဝေ
ရေးသားသည်။ (၁၉၅၆)
၂။ နေလကမ္ဘာ ပုဂ္ဂလပညတ် ဓါတ်ကျမ်း
ဦးအေးမောင်(နေလကမ္ဘာဗဟိုဆေးကုဌာန) ရေး -သခင်ဗသွင်(၁၉၆၉)
၃။ ပုဂ္ဂလပညတ် ဓါတ်ပညာ အလင်းပြဆေးကျမ်း
ပထမကျော်ဆရာသိန်း(၁၉၈၂)
၄။ ပုဂ္ဂလပညတ် အခြေခံဓါတ်ကျမ်း (ဆရာကြီးဦးသာတင့်)
၅။ မြန်မာ့ဆေးပညာ ဂျာနယ်ကျော်မမလေး
၆။ နေလပညာနှင့် ပါစကတေဇောဓါတ်ကျမ်း
နေလဝိဇ္ဇာဆရာဦးကျော်လင်း

# ကျေးဇူးတင်ပါသည်

